# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ သောကြာနေ့ အတွဲ (၆၃)၊ အမှတ်(၁၉၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၄

**(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသည့် ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**ထည်ဝါစွာရပ်တည်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သရေစည်သူဘွဲ့ရရှိသူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

## ယနေ့ ဖတ်စရာ


တောင်ကိုရီးယားတွင် တရားမဝင်အလုပ်လုပ်နေသော နိုင်ငံခြားသားများအနေဖြင့် ဒဏ်ကြေးလွတ်ခွင့်အပြင် ပြန်ဝင်ခွင့်ကန့်သတ်ချက်များမှလည်း ကင်းလွတ်ခွင့်ရနိုင်မည့် နေရပ်ပြန်နိုင်ရေးအစီအစဉ်ကို ဖေဖော်ဝါရီလကုန်အထိ သက်တမ်းတိုးမြှင့်ထားကြောင်း မြန်မာသံရုံးအသိပေး — ပြည်တွင်းသတင်း စာ ၁၉

မြန်မာ့နိုင်ငံရေးအပေါ် အမြတ်ထုတ်ဖို့ကြိုးစားတာလား . . . — ဆောင်းပါး စာ ၂၀

မြန်မာ့အလင်း

## သမိုင်းပေးတာဝန်ကျေပွန်သူများ

သမိုင်းပေးတာဝန်ဟူသည် မိမိတို့ ရှင်သန်ဖြတ်သန်းနေကြသည့် ခေတ်ကာလ နိုင်ငံနှင့်လူမျိုး အဓွန့်ရှည်တည်တံ့ရေး၊ တိုးတက်ကြီးပွားရေးတို့အတွက် နိုင်ငံသားတစ်ဦးအနေဖြင့် ထမ်းရွက်အပ်သော ဝတ္တရားဟူ၍ ယေဘုယျအားဖြင့် ဖွင့်ဆိုနိုင်သည်။ သမိုင်းပေးတာဝန်၏ အနက်အဓိပ္ပာယ်ကို မှန်မှန်ကန်ကန် ဖွင့်ဆိုနိုင်မှသာ နိုင်ငံနှင့်လူမျိုး အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပြီး ဖွင့်ဆိုမှု မှားယွင်းမည်ဆိုပါက လုပ်ရပ်အမှားများ ကျူးလွန်မိကာ သမိုင်းတွင် တရားခံဘဝကျရောက်မည်ဖြစ်သည်။

"လူမှာ ဖန်တီးနိုင်တဲ့ အစွမ်းသတ္တိရှိတယ်၊ ရာဇဝင်ကို ဘယ်သူက ဖန်တီးသလဲ၊ လူကမှ ဖန်တီးတယ်မဟုတ်လား၊ လူက ဖန်တီးတယ်ဆိုတာ အကြောင်းမဲ့ အရမ်းဖန်တီးတာကို ပြောတာ မဟုတ်ဘူး၊ အဲဒီလို အတင်းပြောင်းလို့မရဘူး၊ ကျွန်တော်တို့က ဘာနားလည်ရမလဲ၊ ဖြစ်ပေါ်လာတဲ့ လောကရဲ့အကြောင်းတွေ၊ ရာဇဝင်သဘောတရားတွေကို နားလည်ပြီးတော့ အလုပ်လုပ်ရမယ်" ဟူသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတစ်ရပ်ကဲ့သို့ပင် မိမိတို့၏ လူ့ဘောင်အဖွဲ့အစည်းတွင် ဖြစ်ပေါ်နေသည့် အခြေအနေအကြောင်းတရားတို့ကို မှန်မှန်ကန်ကန် နားလည်ပြီး မိမိတို့ကျရာကဏ္ဍမှ တာဝန်များကို မှန်ကန်စွာ၊ ထူးထူးကဲကဲ ကျေပွန်စွာ၊ ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ကြခြင်းဖြင့်သာ သမိုင်းပေးတာဝန် ကျေပွန်သူများ၊ ရာဇဝင်ကို ဖန်တီးသူများဖြစ်သင့်သည်။ နိုင်ငံသားတစ်ဦးအနေဖြင့် ရာဇဝင်ကို ဖန်တီးနိုင်သည့်အဆင့်ထိ တာဝန်မထမ်းရွက်နိုင်လျှင်ပင် တရားဥပဒေကို လေးစားလိုက်နာသူ၊ လူမှုကျင့်ဝတ်စည်းကမ်းများ စောင့်ထိန်းသူများအဖြစ် အနိမ့်ဆုံးတာဝန်ကျေပွန်ကြရန်လိုသည်။

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အတွက် ထူးကဲသာလွန်စွာ အကျိုးပြုခဲ့ကြသူများကို ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်း အခမ်းအနားနှင့် တိုင်းပြည်နှင့်လူမျိုးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ ရဲစွမ်းသတ္တိပြောင်မြောက်စွာ စွမ်းဆောင်ခဲ့ကြသူများကို တပ်မတော် စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတို့ကို နေ့ထူးနေ့မြတ် အခါသမယတွင် ကျင်းပခဲ့ရာ နိုင်ငံသူနိုင်ငံသားတို့ အတုယူဖွယ်၊ ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။ နိုင်ငံတော်က ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခဲ့သည့် အဆိုပါပုဂ္ဂိုလ်များသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍများတွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီစွာ တီထွင်ဖန်တီး အောင်မြင်အောင် စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသူများပင်ဖြစ်သည်။

ယခုအခါ မိမိတို့နိုင်ငံသည် သမိုင်းတွင် ထူးခြားသည့် အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရချိန်ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးတာဝန်တို့ကို ထူးထူးခြားခြား စွမ်းဆောင်ကြိုးပမ်း ထမ်းဆောင်ကြရန် လိုအပ်နေချိန်ဖြစ်သည့်အလျောက် နိုင်ငံတော်အစိုးရနှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံ၌ ပူးပေါင်းလက်တွဲ ကြိုးပမ်းကြရေး တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ သမ္မတ မစ္စတာ ရမ်ချန်ဒရာ ပေါ်ဒဲလ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။ မြန်မာပြည်သူများ ပိုမိုတိုးတက်သာယာဝပြောပါစေကြောင်းလည်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပူးရ်ပါ ကာမယ်လ် ဒါဟဲလ် 'ပရာချန်ဒါ' ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် နီပေါနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။ ချစ်ခင်ရင်းနှီးဖွယ်ကောင်းသော မြန်မာပြည်သူများ ပိုမိုတိုးတက်သာယာဝပြောပါစေကြောင်းလည်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

## သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းဟောင်းများအသင်း၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် အသက်(၈၀)နှစ်အထက် အသင်းဝင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၄

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများ အသင်း၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် အသက် (၈၀) နှစ်အထက် အသင်းဝင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌ ဦးမြင့်ဆွေ ကြေမုံသတင်းစာတိုက် စာတည်းမှူးချုပ်(ငြိမ်း)က အမှာစကားပြောကြားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဦးထွန်းလင်းအောင် မြန်မာ့သတင်းစဉ်-စာတည်းမှူး (ငြိမ်း)က အသင်း၏ အခြေအနေများကို တင်ပြပြီး ကန်တော့ခံပုဂ္ဂိုလ်များမှ ဦးလှကြင်၊ ဦးမြင့်ထွန်းနှင့် ဦးလှိုင်ဝင်းတို့က မုဒိတာစကားများ ပြောကြားကြသည်။

သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် အသက် (၈၀) နှစ်အထက် အသင်းဝင်များ ပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံပုဂ္ဂိုလ် ၁၃ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ အသက်(၈၀)နှစ်အထက် အသင်းဝင် ၃၁ ဦးအား တစ်ဦးလျှင် ငွေကျပ် ခုနစ်သောင်းခွဲနှုန်းဖြင့် လည်းကောင်း ကန်တော့ခဲ့ပြီး ပူဇော်ကန်တော့ပွဲသို့ ကျန်းမာရေးအရ မတက်ရောက်နိုင်သည့် ကန်တော့ခံပုဂ္ဂိုလ်နှင့် အသက် (၈၀) နှစ်အထက် အသင်းဝင်များအား အိမ်တိုင်ရာရောက်ကန်တော့ခံပစ္စည်းနှင့် လှူဒါန်းငွေများ ပူဇော်ကန်တော့ခဲ့သည်။

အဆိုပါ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်းများ အသင်းကို ၂၀၁၅ ခုနှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အငြိမ်းစားယူခဲ့ကြသူများ၊ ဝန်ထမ်းဟောင်းကြီးများနှင့် မိသားစုပင်စင် ခံစားနေကြရသူများ၏ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများတွင် လုပ်ဖော်ကိုင်ဖက်များအနေဖြင့် စုပေါင်းပါဝင်ကူညီနိုင်ရေးအတွက် အဓိက ရည်ရွယ်လုပ်ဆောင်ပေးနေခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေး ပစ္စည်းများပေးပို့

**နေပြည်တော် ဇန်နဝါရီ ၄**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Moon Light ရေယာဉ်သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြည်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းတို့မှပေးပို့သည့်ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် လမ်းမီးတိုင်၊ မီးလုံး၊ ဓာတ်အားလိုင်းကြိုးနှင့် ဆက်စပ်ပစ္စည်းများ၊ ဆန်၊ စားအုန်းဆီနှင့် စားသောက်ကုန်များ၊ ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးဝါးများ စုစုပေါင်း ၂၀၇၄ ဒသမ ၇၅ တန် တင်ဆောင်၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီ မိနစ် ၅၀ တွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၄**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/လ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

ကိုယ်ပိုင်ဓလေ့ ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာ အတူတကွစုပေါင်းနေထိုင်ခဲ့ကြသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာ ရပ်တည်ခဲ့ပါကြောင်း၊ သို့သော် ၁၉ ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့များက ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲပြီး မတရားကျူးကျော် သိမ်းပိုက်ခဲ့သည့်အတွက် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရပါကြောင်း။

**ညီညီညွတ်ညွတ်ကြိုးပမ်းခဲ့**

နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆိုသည်မှာ တစ်ခဏတာအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးရရှိရန် ကြာမြင့်စွာ ကြိုးပမ်းအားထုတ်ရခြင်းဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်စွာ ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်ဖြင့် ညီညီညွတ်ညွတ်ကြိုးပမ်းခဲ့ကြသောကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခံ့ညားစွာ ပြန်လည်ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့သည် မိမိတို့နိုင်ငံအတွက် အလွန်အင်မတန်ထူးမြတ်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယဖြစ်ပါကြောင်း။

**အထူးအလေးထားပြီးဆောင်ရွက်**

ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးကြိုးပမ်းမှုနှင့်အတူ တစ်ဖက်တွင်လည်း ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး စသည့်နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များကိုလည်း အထူးအလေးထားပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သရေစည်သူဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးခင်မောင် (ကိုယ်စား) သမီး ဒေါ်ခင်ဝါဝါ အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်မှူးကြီး ဇေယျာဝင်း (ကိုယ်စား) ဇနီး ဒေါ်နေရည်လင်း အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်မှူးကြီး မျိုးကိုကိုဝင်း(ကိုယ်စား) ညီ ဦးမျိုးညီညီဝင်း အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ ပြည်ထောင်စုအစိုးရ စသည့် တိုင်းပြည်၏ အဓိကမဏ္ဍိုင်ကြီးများက တာဝန်ရှိသူများနှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက ပုဂ္ဂိုလ် အသီးသီးတို့ကလည်း လက်တွဲကြိုးပမ်းနေကြခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ (၇၆) နှစ်မြောက် နေ့ထူးနေ့မြတ် အခါသမယတွင် နိုင်ငံတော်အတွက် ထူးကဲသာလွန်စွာ အကျိုးပြုခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်နိုင်ရန်အတွက် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေး သုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ကဏ္ဍများတွင်

*စာမျက်နှာ ၄ သို့*

## “ ယနေ့ အခမ်းအနားတွင် သရေစည်သူဘွဲ့ ကိုးဦး၊ စည်သူဘွဲ့ ငါးဦး၊ သူရဘွဲ့ ခြောက်ဦး၊ သီရိပျံချီ ဘွဲ့ ၄၂ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၈၃ ဦး၊ အလင်္ကာကျော်စွာဘွဲ့ လေးဦး၊သိပ္ပကျော်စွာဘွဲ့ လေးဦး၊ စုစုပေါင်း ၁၅၃ ဦးကို သက်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်း ”

*စာမျက်နှာ ၃ မှ*

ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာစွမ်းဆောင်နိုင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီစွာ တီထွင်ဖန်တီးအောင်မြင်အောင် စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသည့်ပုဂ္ဂိုလ်များကို ယခုကဲ့သို့ ထူးခြားလေးနက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။

### သားစဉ်မြေးဆက်ဂုဏ်ယူ

ယနေ့ အခမ်းအနားတွင် သရေစည်သူဘွဲ့ ကိုးဦး၊ စည်သူဘွဲ့ ငါးဦး၊ သူရဘွဲ့ ခြောက်ဦး၊ သီရိပျံချီဘွဲ့ ၄၂ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၈၃ ဦး၊ အလင်္ကာကျော်စွာဘွဲ့ လေးဦး၊ သိပ္ပကျော်စွာဘွဲ့ လေးဦး၊ စုစုပေါင်း ၁၅၃ ဦးကို သက်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဘွဲ့ခံပုဂ္ဂိုလ်များအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့ ဘွဲ့ခံပုဂ္ဂိုလ်များအတွက်သာမက သက်ဆိုင်ရာမိသားစုဝင်များအတွက်လည်း သားစဉ်မြေးဆက် ဂုဏ်ယူဝင့်ကြွားစရာအထိမ်းအမှတ် သင်္ကေတများအဖြစ်ဖြင့် ဆက်လက်တည်ရှိနေကြမည် ဖြစ်ပါကြောင်း။

လွတ်လပ်ရေးခရီး (၇၆)နှစ်ပြည့်မြောက် လာပြီဖြစ်သည့် ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးစသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ခိုင်ခိုင်မာမာချမှတ်ပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်မှူးကြီး စိုင်းကမ္ဘာစိုး (ကိုယ်စား)ဇနီး ဒေါ်ဖူးပွင့်ဖြူ အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံချီဘွဲ့ရရှိသူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံချီဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံချီဘွဲ့ရရှိသူ မန္တလေးတိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌ(ငြိမ်း) ဦးတင်လှ (ကိုယ်စား) သား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဒုတိယဝန်ကြီး ဦးခင်လတ် အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မို (ကိုယ်စား) အမွေခံ ဦးလွင်ဖြိုးအောင် အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဦးညိုမြ (ကိုယ်စား) အမွေခံ ဒေါ်သိန်းသိန်းဇော် အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သိပ္ပကျော်စွာဘွဲ့ရရှိသူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့် အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ Structure ပညာရှင် ဦးချမ်းအေး အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

*စာမျက်နှာ ၄ မှ*

အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများ ဆက်လက်၍ လိုအပ်နေဦးမည်ဖြစ်သည့်အတွက် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတူတကွ လက်တွဲဆောင်ရွက်သွားကြပါဟု အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များဖြစ်ကြသည့် သရေစည်သူဘွဲ့ရရှိသူ လေးဦးနှင့် စည်သူဘွဲ့ရရှိသူ သုံးဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ ခြောက်ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်စဉ်။

ဖြစ်ကြသည့် သီရိပျံချီဘွဲ့ရရှိသူ ၁၆ ဦးနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၅၈ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ သုံးဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ လေးဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း လက်ရောက်ချီးမြှင့် အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်စဉ်။

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ရဲဘော်အချင်းချင်းအပေါ် ထားရှိသည့် မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများကို ရှေ့တန်းတင်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ရှုပ်ရှုပ်ချုံချုံ ရဲစွမ်းသတ္တိပြောင်မြောက်စွာ စွမ်းဆောင်ခဲ့ကြသူများကို နှစ်စဉ် ဇန်နဝါရီလ ၄ ရက်ရောက်သည့် အခါတိုင်း တပ်မတော် စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့/ တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်သည် နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း၊ **မိမိတို့ထံရောက်ရှိလာသည့် သမိုင်းပေးတာဝန်များကို ရဲစွမ်းပြောင်မြောက်သည့် သူရသတ္တိအပြည့်ဖြင့် အသက်၊ သွေး၊ ချွေး၊ ခန္ဓာတို့ ရင်းနှီးပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့ကြသည့် နိုင်ငံသားကောင်းများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း ဂုဏ်ပြုချီးမြှင့်လျက်ရှိခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ချီးမြှင့်ပေးခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ်များနှင့် မျိုးဆက်သစ် တပ်မတော်သားများ အတွက် အဖိုးတန် စိတ်ဓာတ်ကောင်းများကို အားကျအတုယူစေရန်ပင် ဖြစ်ကြောင်း။**

**ကာကွယ်စောင့်ရှောက်**

အတိတ်ကာလမှ ယနေ့ထက်တိုင် နယ်ချဲ့အင်အားကြီးနိုင်ငံများသည် ၎င်းတို့၏ အကျိုးစီးပွားကိုသာ ဦးစားပေးပြီး နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နည်းလမ်းမျိုးစုံသုံးပြီး ထိုးဖောက်ဝင်ရောက်ခြယ်လှယ်နေကြကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် ၎င်းတို့သည် ယင်းနိုင်ငံငယ်များကို ဦးစွာ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ အစိုးရနှင့်ပြည်သူ၊ ပြည်သူနှင့် တပ်မတော် ကြားသွေးကွဲသွားအောင် နည်းပညာအား၊ မီဒီယာအားများဖြင့် အရင်ဆုံး ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ အပါအဝင် တိုင်းရင်းသားပြည်သူများအနေဖြင့် အသိ၊ သတိနှင့် ယှဉ်ပြီး မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ကြောင်း။ *စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင် ဆုတံဆိပ်ရရှိသည့် ကြည်း ၃၇၂၁၆ ဒုတိယဗိုလ်မှူးကြီး လှိုင်မျိုးထွန်းအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင် ဆုတံဆိပ်ရရှိသည့် လေ ၂၆၁၅ ဒုတိယဗိုလ်မှူးကြီး ဝင်းဟန်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင် ဆုတံဆိပ်ရရှိသည့် ကြည်း ၅၉၈၃၀ ဗိုလ်ကြီး သန်းထွန်းအောင်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင် ဆုတံဆိပ်ရရှိသည့် ကြည်း ၅၇၆၁၇ ဗိုလ်ကြီး ဖြိုးမြင့်မြတ်အား ဆုတံဆိပ်ပေးအပ် ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၆ မှ*

မိမိတို့နိုင်ငံသည် သမိုင်းကနေ ရရှိခဲ့သည့် အတွေ့အကြုံသင်ခန်းစာများကြောင့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံနေထိုင်လျက်ရှိကြောင်း၊ နိုင်ငံတကာရေးရာကိစ္စရပ်များတွင် ဘက်လိုက်မှုမရှိဘဲ လွတ်လွတ်လပ်လပ် တရားမျှတမှုအပြည့်နှင့် ရပ်တည်နေသကဲ့သို့ လူသားအချင်းချင်း အပေါ်တွင်သာမက နိုင်ငံအချင်းချင်းအပေါ်၌ပါ တန်းတူညီတူ ဆက်ဆံသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့ နေထိုင်သည့်တိုင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို သွေးတိုးစမ်းသည့် အဖျက်အမှောင့်လုပ်ရပ်များ ရှိခဲ့သောကြောင့် မြန်မာ့တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ ပြန်လည်ချေမှုန်းခဲ့ရသည့် သမိုင်းဝင်တိုက်ပွဲပေါင်းများစွာလည်း ရှိခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် **"ရဲသော်မသေ သေသော်ငရဲမလား"**ဟူသည့် ခံယူချက်ကို ရင်ဝယ်ပိုက်ပြီး တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်မျိုးဖြင့် တိုက်ပွဲဝင်ခဲ့ကြသူများသည် စစ်မှန်သည့် အာဇာနည်သူရဲကောင်းများဖြစ်ကြပြီး မြန်မာ့သမိုင်းမှတ်တမ်းတွင် မော်ကွန်းထိုးထားဆဲဖြစ်ကြောင်း၊ ထိုကဲ့သို့ မျိုးချစ်တပ်မတော်သား သူရဲကောင်းများ၏အမည်နာမများသည်ဘယ်သောအခါမှ တိမ်မြုပ်ပျောက်ကွယ်သွားမှာ မဟုတ်ဘဲ ခေတ်အဆက်ဆက် သမိုင်းစဉ်ဆက်ထာဝရ မွေးပျံ့နေမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

**◆ အမိန့်နှင့်တာဝန်ကို ဦးထိပ်ပန်ဆင်ပြီး စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့သားကောင်းဇာနည်များ၏ ဖြူစင်မြင့်မြတ်သည့် နှလုံးသားများကို မျိုးဆက်သစ်များအနေဖြင့် လေးစားအားကျအတုယူလျက် နိုင်ငံတော်ကအားကိုးရပြီး ပြည်သူလူထုက လေးစားအားထားရသည့် မျိုးချစ်တပ်မတော်သားကောင်းဇာနည်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းမှာကြားလို**

### ဆက်လက်ထိန်းသိမ်း

ယနေ့အခါတွင် ဘက်စုံစစ်ပွဲသဘောတရားများကြောင့် တိုက်ပွဲများသည် တောတောင်များအတွင်း၌သာ တိုက်ခိုက်ကြရသည် မဟုတ်တော့ဘဲ မြို့ပြနေရာများအထိ ဆင်နွှဲလာကြသည်ကို တွေ့ရှိရသည့်အတွက် ရှေ့တန်းနယ်မြေသည် ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရှိရကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအကျိုးအတွက် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အပြောမဟုတ် အလုပ်သက်သေများနှင့် ဆောင်ရွက်ပြသည့် ပါရမီဖြည့်ဖက်များ၏ ဆောင်ရွက်ချက်များသည် သာမန်အမျိုးသမီးတိုင်း လုပ်နိုင်ခဲသည့် စွမ်းဆောင်ရည်များပင် ဖြစ်ကြောင်း၊ ထိုကဲ့သို့စွမ်းဆောင်ရည်များ ပေါ်ထွက်လာခြင်း၏ အခြေခံသည် မိမိနိုင်ငံအပေါ် ထားရှိသည့် စစ်မှန်သည့် မျိုးချစ်စိတ်ကြောင့်ပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကအမာခံ အရန်အင်အားများဖြစ်သည့် ရဲမေမိသားစုဝင်များသည် အရေးကြုံပါက သက်လုံကောင်းစွာ မိသားစုဂုဏ်နှင့် တပ်မတော်ဂုဏ်ကို စောင့်ထိန်းသူများဖြစ်ခဲ့ကြသောကြောင့် စစ်မှန်သည့် မျိုးချစ်စိတ်များကို ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အများတကာ လုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့် တာဝန်များကို စွန့်လွှတ်စွန့်စားမှု အပြည့်ဖြင့် ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့သူများအတွက် နှစ်စဉ်လွတ်လပ်ရေးနေ့ အခမ်းအနားများတွင် တပ်မတော်စွမ်းရည် သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပပေးလျက်ရှိရာ ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၅ ဦးကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ရဲသူရတံဆိပ်ရရှိသူ ကိုးဦး၊ ရဲဗလတံဆိပ်ရရှိသူ ၉၉ ဦး၊ စီမံထူးချွန်တံဆိပ်(ပထမ)ဆင့်ရရှိသူ ၁၄ ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယ)ဆင့်ရရှိသူ ၂၈ ဦး၊ စီမံထူးချွန်တံဆိပ်(တတိယ) ဆင့်ရရှိသူ ၃၄ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမ) ဆင့်ရရှိသူ သုံးဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယ)ဆင့်ရရှိသူ ခြောက်ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယ) ဆင့်ရရှိသူ သုံးဦး၊ နည်းပညာထူးချွန်တံဆိပ်(ပထမ)ဆင့်ရရှိသူ ငါးဦး၊ နည်းပညာထူးချွန်တံဆိပ်(ဒုတိယ) ဆင့်ရရှိသူ ၁၀ ဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယ) ဆင့်ရရှိသူ ၃၃ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၁၁ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၈၀ တို့ကိုလည်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာတိုင်းမှူးများက တစ်ချိန်တည်း တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။

ယနေ့ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံကြရသူများသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များထမ်းဆောင်ရာတွင် မိမိတို့ကျရာတာဝန်များကို အသက်ကိုပင် မငဲ့ကွက်ဘဲ ဖွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်တာဝန်ထမ်းဆောင်ပြီး မှတ်တမ်းကောင်းရေးထိုးခဲ့ကြသူများ ဖြစ်သဖြင့် ပြည်သူ့သားကောင်းအာဇာနည်များအဖြစ် အမြဲအမှတ်တရ လေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်း။

**အမိန့်နှင့်တာဝန်ကို ဦးထိပ်ပန်ဆင်ပြီး စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့သားကောင်းဇာနည်များ၏ ဖြူစင်မြင့်မြတ်သည့် နှလုံးသားများကို မျိုးဆက်သစ်များအနေဖြင့် လေးစားအားကျ အတုယူလျက် နိုင်ငံတော်က အားကိုးရပြီး ပြည်သူလူထုက လေးစားအားထားရသည့် မျိုးချစ်တပ်မတော် သားကောင်းဇာနည်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းမှာကြားလို**ကြောင်း ပြောကြားသည်။

### ဆုတံဆိပ်များချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး သုံးဦး၊ ဗိုလ်မှူး ကိုးဦး၊ ဗိုလ်ကြီး ၁၀ ဦး၊ ဗိုလ် တစ်ဦး၊ ဒုတိယအရာခံဗိုလ် တစ်ဦး၊ ဒုတိယတပ်ကြပ် တစ်ဦးတို့ကို ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်း၊ အက၊ အလှမျိုးဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကသာမြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ကသာ ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲနှင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်က မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ၂၀၂၅ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က ဖတ်ကြားသည်။

ထို့နောက် (၇၆) နှစ်မြောက် လွတ်လပ်ရေး အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် အဖွင့်ဂုဏ်ပြုသီဆိုခဲ့ကြပြီး အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် အဖွဲ့ဝင်များက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာထွန်း(ကသာ)**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဂုဏ်ပြုဆောင်ခန်းမ၌ ကျင်းပသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုဆောင်ခန်းမ ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုဆောင်ခန်းမ၌ ညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ ပဒေသာကပွဲများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက် လာကြသူများက ကြည့်ရှုအားပေးကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



အဆိုပါ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝင်များ၊ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားစဉ်။

◆ *ကျောဖုံးမှ*

(၃)ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ (၄) အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ (၅) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး ဟူသည့် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာကျင်းပခြင်းဖြစ်သည်။

**နိုင်ငံတော်အလံကို လွှင့်တင်**

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နံနက် ၆ နာရီတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မိဘပြည်သူများသည် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

**အလေးပြုခြင်းခံယူ**

ဆက်လက်၍ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့် အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၁ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

( ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက် )

**ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ( ၉၆၅၂ ) ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၂ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

( ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက် )

**ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ (၁၁၄) ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ''နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်'' ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၄**

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကရင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မိုး/ဇလ**

# စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၃ / ၂၀၂၄**
**၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်**
**( ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရေးဆွဲနိုင်ရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် အောက်ဖော်ပြပါ ညီလာခံကိုယ်စားလှယ်များကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်အား ချီးမြှင့်အပ်နှင်းလိုက်သည်-

*(ယမန်နေ့မှအဆက်)*

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်**
**လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁၁၃။ | ဒေါ်ရီရီမြင့် | ဒုတိယညွှန်ကြားရေးမှူး | ပြည်သူ့လွှတ်တော်ရုံး |
| ၁၁၄။ | ဦးကျော်ဇော | ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး | နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၁၁၅။ | ဦးစိုးမြင့် | ဒုတိယညွှန်ကြားရေးမှူး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၁၆။ | ဦးစန်းအောင် | ဒုတိယညွှန်ကြားရေးမှူး | စွမ်းအင်ဝန်ကြီးဌာန |
| ၁၁၇။ | ဦးတင်ဝင်း | ဒုတိယညွှန်ကြားရေးမှူး | စွမ်းအင်ဝန်ကြီးဌာန |
| ၁၁၈။ | ဦးစိန်ကြည် | ဒုတိယညွှန်ကြားရေးမှူး | စွမ်းအင်ဝန်ကြီးဌာန |
| ၁၁၉။ | ဦးခင်မောင်စိုး | ဒုတိယညွှန်ကြားရေးမှူး | ပညာရေးဝန်ကြီးဌာန |
| ၉၇၄။ | ဦးကျော်ဝင်း | ရောဝတီတိုင်းဒေသကြီး |
| ၉၇၅။ | ဦးလှသန်း | ရောဝတီတိုင်းဒေသကြီး |
| ၉၇၆။ | ဦးသိန်းနိုင် | ရောဝတီတိုင်းဒေသကြီး |
| ၉၇၇။ | ဦးစိန်ဝင်း | ရောဝတီတိုင်းဒေသကြီး |
| ၉၇၈။ | ဦးဘဌေး | ရောဝတီတိုင်းဒေသကြီး |
| ၉၇၉။ | ဦးခင်သောင်း | ရောဝတီတိုင်းဒေသကြီး |
| ၉၈၀။ | ဦးတင်ဝင်း | ရောဝတီတိုင်းဒေသကြီး |
| ၉၈၁။ | ဦးမြလှိုင် | ရောဝတီတိုင်းဒေသကြီး |
| ၉၈၂။ | ဦးကျော်လွင် | ရောဝတီတိုင်းဒေသကြီး |
| ၉၈၃။ | ဦးကျော်အောင် | ရောဝတီတိုင်းဒေသကြီး |
| ၉၈၄။ | ဦးခင်မောင်အေး | ရောဝတီတိုင်းဒေသကြီး |
| ၉၈၅။ | ဦးစောဇော်မင်း(ခ) ဦးမောင်ကြီး | ရောဝတီတိုင်းဒေသကြီး |
| ၉၈၆။ | ဦးစောရေမီ | ရောဝတီတိုင်းဒေသကြီး |
| ၉၈၇။ | ဦးဇော်ထွန်း | ရောဝတီတိုင်းဒေသကြီး |
| ၉၈၈။ | ဦးညွန့်လှိုင် | ရောဝတီတိုင်းဒေသကြီး |
| ၉၈၉။ | ဒေါက်တာဌေးနိုင် | ရောဝတီတိုင်းဒေသကြီး |
| ၉၉၀။ | ဒေါက်တာတင်မောင်ကြိုင် | ရောဝတီတိုင်းဒေသကြီး |
| ၉၉၁။ | ဦးနိုင်ဝင်း | ရောဝတီတိုင်းဒေသကြီး |
| ၉၉၂။ | ဒေါ်နန့်ဥမ္မာမြ | ရောဝတီတိုင်းဒေသကြီး |
| ၉၉၃။ | ဦးမောင်မောင်တင် | ရောဝတီတိုင်းဒေသကြီး |
| ၉၉၄။ | ဦးမောင်မောင်လွင် | ရောဝတီတိုင်းဒေသကြီး |
| ၉၉၅။ | ဦးမန်းကျော်အေး | ရောဝတီတိုင်းဒေသကြီး |
| ၉၉၆။ | ဦးမျိုးဝင်း | ရောဝတီတိုင်းဒေသကြီး |
| ၉၉၇။ | ဦးမြင့်သိန်း | ရောဝတီတိုင်းဒေသကြီး |
| ၉၉၈။ | ဦးရန်ရှင်း | ရောဝတီတိုင်းဒေသကြီး |
| ၉၉၉။ | ဦးလှိုင်ဦး | ရောဝတီတိုင်းဒေသကြီး |
| ၁၀၀၀။ | ဦးဝင်းနိုင် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၀၁။ | ဦးဝင်းနိုင်ကျော် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၀၂။ | ဦးဝင်းမောင် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၀၃။ | ဦးဝင်းသိန်း | ရောဝတီတိုင်းဒေသကြီး |
| ၁၀၀၄။ | ဦးသန်းထွန်း | ရောဝတီတိုင်းဒေသကြီး |
| ၁၀၀၅။ | ဦးသန်းဝင်း | ရောဝတီတိုင်းဒေသကြီး |
| ၁၀၀၆။ | ဦးအေးကြိုင် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၀၇။ | ဦးအောင်မြသန်း | ရောဝတီတိုင်းဒေသကြီး |
| ၁၀၀၈။ | ဦးအုန်းမောင် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၀၉။ | ဦးခင်ဦး | ရောဝတီတိုင်းဒေသကြီး |
| ၁၀၁၀။ | ဦးတင်ထွဋ် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၁၁။ | ဦးစောမြင့် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၁၂။ | ဦးတင်ဝင်း(ခ)ဦးရွှေနီ | ရောဝတီတိုင်းဒေသကြီး |
| ၁၀၁၃။ | ဦးဖုန်းကျော် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၁၄။ | ဦးမင်းကြည် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၁၅။ | ဦးမောင်မောင် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၁၆။ | ဦးမြမောင် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၁၇။ | ဦးမြင့်သိန်းနိုင် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၁၈။ | ဦးသိန်းလွင် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၁၉။ | ဦးစန်းမောင် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၂၀။ | ဦးအောင်မြင့် | ရောဝတီတိုင်းဒေသကြီး |
| ၁၀၂၁။ | ဦးအောင်သိန်းထွန်း | ရောဝတီတိုင်းဒေသကြီး |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများ ပျော်ရွှင်စွာဆင်နွှဲနေမှုကိုလာရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိဝန်ကြီးဌာနများ၊ အခြေခံပညာ ကျောင်းများနှင့် ရပ်ကွက်များတွင် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။




နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများကို ဝဏ္ဏသိဒ္ဓိရပ်ကွက် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများနှင့်အတူ အလျားခုန်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ခြေပူးပြိုင်ပွဲ၊ သံပရာသီးဇွန်းကိုက်ပြိုင်ပွဲ၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ မိတ်ကပ်ပြင်ပြိုင်ပွဲ၊ အင်္ကျီဝတ်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ ကြက်ဖခွပ်ပြိုင်ပွဲ၊ ကျောကုန်းထောက်ခုန် ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ရွှေစွန်ညိုပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စက်ဘီးအနှေးစီးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ စသည့်ပြိုင်ပွဲများတွင် အားကစားနည်းအလိုက် အစုအဖွဲ့အလိုက်၊ အသင်းအဖွဲ့အလိုက် ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လွန်ဆွဲပြိုင်ပွဲ၊ သံပရာသီးဇွန်းကိုက်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲတို့တွင် ဆုများရရှိကြသည့် ကျောင်းသားကျောင်းသူများ(ဝဲပုံ)နှင့် ဆရာမများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အားကစားနည်းအလိုက် ဆုများရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်အသီးသီးတွင်လည်း အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ ပါဝင်ယှဉ်ပြိုင်ကြကာ အားကစားနည်းအလိုက် ဆုရရှိကြသူများကို ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ သက်ဆိုင်ရာ ဆရာ ဆရာမများနှင့် ရပ်ကွက်အလိုက် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တောင်ကြီးမြို့၌ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၄**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြော၊ ပုံပြင်ပြော၊ ကဗျာရွတ်၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က အမှာစကားပြောကြားပြီး (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြော၊ ပုံပြင်ပြော၊ ကဗျာရွတ်၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပေးပြီး အကဲဖြတ်အမှတ်ပေးကြသည့်ဒိုင်အဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၉၇၆၆ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြု



လွတ်ငြိမ်းချမ်းသာခွင့်ရသည့် မော်လမြိုင်အကျဉ်းထောင်မှ အကျဉ်းသား/အကျဉ်းသူများ။

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယနေ့တွင် ကျရောက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရန်နှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားပြီး နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်စေရန်ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၉၆၅၂ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁၄ ဦး စုစုပေါင်း ၉၇၆၆ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် ဟူသော စည်းကမ်းသတ်မှတ်ချက်များဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ လွတ်ငြိမ်း ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသူ၊ အကျဉ်းသားများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားသည့်အတွက် ယခု ပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် ကျန်းမာပျော်ရွှင်လျက်ရှိပြီး လာရောက်ကြိုဆိုသည့် မိဘဆွေမျိုးများကလည်း ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းစိန်အကျဉ်းထောင်မှ နိုင်ငံခြားသားများနှင့် အကျဉ်းသူ/အကျဉ်းသား ၂၄၉၇ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု

**ရန်ကုန် ဇန်နဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား/ အကျဉ်းသူ ၉၆၅၂ ဦးနှင့် နိုင်ငံခြားသား ၁၁၄ ဦးတို့ကို ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသူ/ အကျဉ်းသား ၂၄၉၇ ဦးကို ယနေ့ နံနက်ပိုင်းတွင် Stadium ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်တို့က ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အင်းစိန်အကျဉ်းထောင်မှ နိုင်ငံခြားသား ၁၈ ဦးနှင့် ၅၀၅-က အပါအဝင် နိုင်ငံသားအမျိုးသား ၂၁၆၂ ဦး၊ အမျိုးသမီး ၃၁၇ ဦး စုစုပေါင်း ၂၄၉၇ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပြစ်ဒဏ်များမှ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ အင်းစိန်အကျဉ်းထောင်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် အကျဉ်းသား/အကျဉ်းသူ ၁၀၇၉ ဦး၊ ဒုတိယအကြိမ်အဖြစ် ၅၀၅-က အပါအဝင် အချုပ်သူ/ အချုပ်သား ၆၂၁ ဦး၊ တတိယအကြိမ်အဖြစ် ၅၀၅-က အပါအဝင် အချုပ်သူ/အချုပ်သား ၃၂၂ ဦး၊ စတုတ္ထအကြိမ်အဖြစ် ၅၀၅-က အပါအဝင် အချုပ်သူ/ အချုပ်သား ၆၆၈ ဦး၊ ပဉ္စမအကြိမ်အဖြစ် အကျဉ်းသူ/အကျဉ်းသား ၈၄၄ ဦး၊ ဆဋ္ဌမအကြိမ်အဖြစ် အချုပ်သူ/အချုပ်သား ၁၄၇၇ ဦး၊ သတ္တမအကြိမ်အဖြစ် အချုပ်သူ/ အချုပ်သား ၁၁၆၇ ဦး၊ အဋ္ဌမအကြိမ်အဖြစ် အကျဉ်းသူ/ အကျဉ်းသား ၉၀၊ နဝမအကြိမ်အဖြစ် အကျဉ်းသူ/ အကျဉ်းသား ၁၆၀၊ ဒသမအကြိမ်အဖြစ် နိုင်ငံခြားသားများနှင့် နိုင်ငံသားအကျဉ်းသူ/ အကျဉ်းသား ၉၈၅ ဦး၊ ဧကဒသမအကြိမ်အဖြစ် နိုင်ငံခြားသားများ အပါအဝင် အကျဉ်းသူ/အကျဉ်းသား ၁၄၀၀၊ ဒွါဒသမအကြိမ်အဖြစ် နိုင်ငံခြားသားနှင့် နိုင်ငံသား အကျဉ်းသူ/ အကျဉ်းသား ၂၄၉၇ ဦးတို့ကို ပြစ်ဒဏ်များမှ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၁/ ၂၀၂၄ နှင့် ၂/၂၀၂၄ တို့ဖြင့် ထုတ်ပြန်သည့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းသက်သာခွင့်ရရှိသော အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား ၂၁၆၂ ဦး၊ အကျဉ်းသူ ၃၁၇ ဦးတွင် ၅၀၅-က နှင့် အခြားသောအမှုများမှ အကျဉ်းသား/ အကျဉ်းသူများပါဝင်ပြီး နိုင်ငံခြားသား ၁၈ ဦး စုစုပေါင်း ၂၄၉၇ ဦးတို့ကို ယနေ့မွန်းလွဲပိုင်းမှစ၍ YBS ယာဉ်များဖြင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာခရိုင်များနှင့်ဒေသများသို့ ပို့ဆောင်ခဲ့ရာ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိကြသူများ၊ လာရောက်ကြိုဆိုကြသူများဖြင့် ဝမ်းမြောက်ဝမ်းသာပျော်ရွှင်ကြလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်၊ ဓာတ်ပုံ - ကနူး**

## မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား/အကျဉ်းသူ ၁၀၅၁ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မန္တလေး ဇန်နဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် (၁/၂၀၂၄) အရ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား/ အကျဉ်းသူ ၁၀၅၁ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား ၈၆၂ ဦးနှင့် အကျဉ်းသူ ၁၈၉ ဦး စုစုပေါင်း ၁၀၅၁ ဦးတို့ကို မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်တို့က ယနေ့နံနက်ပိုင်းတွင် မန္တလေး ဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမဩဝါဒစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား/ အကျဉ်းသူများကို အကျဉ်းထောင်တာဝန်ရှိသူများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ် ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကာ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

ယင်းသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းက "ဒီနေ့ကတော့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေနဲ့ ထောင်ထဲမှာ ပြစ်ဒဏ်အသီးသီး ကျခံနေရတဲ့ အကျဉ်းသားတွေအနက် ထိုက်သင့်တဲ့ပြစ်ဒဏ်တွေကျခံပြီးသူတွေကို လွတ်ငြိမ်းခွင့်ပေးတာဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ထောင်တွေ၊ အလုပ်စခန်းတွေအနက်က ဒီနေ့လွှတ်ပေးရမယ့်သူပေါင်း ၁၆၉၇ ဦး ရှိပါတယ်။ ဒီလူတွေကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူတွေက ဆုံးမစကားတွေမှာကြားပြီး စားစရိတ်၊ ခရီးစရိတ်နဲ့ လုပ်အားခတွေ အပြည့်အဝပေးပြီး သွားလိုတဲ့ ကားဂိတ်တွေ၊ ဘူတာတွေ၊ သင်္ဘောဆိပ်တွေကို ကားတွေနဲ့ ပို့ဆောင်ပေးပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို အကျဉ်းသားတွေပြစ်ဒဏ်ကနေ လွတ်ငြိမ်းခွင့်ရရှိခဲ့ကြတာကို ဝမ်းသာမိပါတယ်" ဟု ပြောသည်။



ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူတစ်ဦးကလည်း "အခုလို လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေနဲ့ လွတ်ငြိမ်းခွင့်ရတဲ့အထဲမှာ ပါဝင်တဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ လွတ်ငြိမ်းခွင့်ပေးတဲ့ နိုင်ငံတော် အကြီးအကဲတွေကို အထူး ကျေးဇူးတင်ရှိပါတယ်။ မိသားစုနဲ့ ပြန်လည်ဆုံစည်းရမှာဖြစ်တဲ့အတွက်လည်း ရင်ခုန်မိနေပါတယ်။ ရှေ့ဆက်ပြီးလည်း အမှားတွေကို သင်ခန်းစာယူပြီး အကောင်းဆုံး ကြိုးစားနေထိုင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်"ဟု ပြောသည်။

မန္တလေးတိုင်း ဒေသကြီး အတွင်းရှိ အကျဉ်းထောင်ငါးထောင်နှင့် အလုပ်စခန်း ခုနစ်ခုတို့မှ အကျဉ်းသား ၁၄၀၇ ဦး၊ အကျဉ်းသူ ၂၉၀ စုစုပေါင်း ၁၆၉၇ ဦး လွတ်မြောက်လာခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**

## ဘားအံအကျဉ်းထောင်မှ အကျဉ်းသား/ အကျဉ်းသူ ၃၀၉ ဦးကို လွတ်ငြိမ်းခွင့်ပြု

**ဘားအံ ဇန်နဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အမှတ် (၁/၂၀၂၄) အရ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကရင်ပြည်နယ် ဘားအံမြို့နယ် အကျဉ်းထောင်မှ အကျဉ်းသား ၂၄၇ ဦးနှင့် အကျဉ်းသူ ၆၂ ဦး စုစုပေါင်း ၃၀၉ ဦးတို့အား ဇန်နဝါရီ ၄ ရက်နေ့ နေ့လယ်ပိုင်းက လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် အကျဉ်းသား/အကျဉ်းသူများအား ကရင်ပြည်နယ် အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဘားအံခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဘားအံခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူတို့က လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးသည့် ရည်ရွယ်ချက်နှင့် မိမိတို့ရပ်ရွာအကျိုးများကို အများနည်းတူ ပူးပေါင်းဆောင်ရွက်ပြီး အေးချမ်းစွာဆက်လက်နေထိုင်ကြရေး ဆုံးမစကားပြောကြားပြီး ရာဇဝတ်ကျင့်ထုံးဥပဒေ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ခံဝန်လက်မှတ်ရေးထိုးခြင်း၊ လွတ်ငြိမ်းခွင့်လက်မှတ်၊ ခရီးစရိတ်၊ စားစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်တို့ကို ထုတ်ပေးကာ မိမိဒေသသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများ အမြို့မြို့အနယ်နယ်၌ကျင်းပ



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် လွန်ဆွဲအားကစားပြိုင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ကြည့်ရှုအားပေးစဉ်။ သက်နိုင် (မော်လမြိုင်)



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က စစ်တွေမြို့၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဖတ်ကြားစဉ်။ တင်ထွန်း (ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားစဉ်။ ဇော်ကိုကို (တောင်ငူ)



(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ဇန်နဝါရီ ၄ ရက်က ပေါင်မြို့၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားစဉ်။ မွန်မလေး (ပြန်/ဆက်)



နေပြည်တော် ပျဉ်းမနားမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံတင်မင်္ဂလာအခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ပျဉ်းမနားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်သန်း ဖတ်ကြားစဉ်။ မျိုးသီဟ(ပြန်/ဆက်)



(၇၆)နှစ်မြောက် လွတ်လပ်ရေး နေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ ကျင်းပရာ ဝန်ထမ်းမိသားစုများ၏ ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။ ဇော်မင်းသန်း(မြန်မာ့အလင်း)



(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ဇန်နဝါရီ ၄ ရက်က မလှိုင်မြို့၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားစဉ်။ မြထွန်း(မလှိုင်)



(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကလေးမြို့၌ ကျင်းပရာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးမြင့် ( ၇၆ )နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားစဉ်။ သတင်းစဉ်



(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ဖျာပုံမြို့၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားစဉ်။ ခရိုင်(ပြန်/ဆက်)



ဇန်နဝါရီ ၄ ရက်က (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားစဉ်။ လှလှထွေး(ပြန်/ဆက်)



(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကချင်ပြည်နယ် ရွှေကူမြို့၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ကြားစဉ်။ မြို့နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီးများ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပနေမှုကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ အထောက်အကူပြုဝန်ကြီးဌာနများဖြစ်သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းခွဲတို့ ပူးပေါင်း၍ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းခွဲ (သပြေကုန်း)၌ ကျင်းပသည်။



အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခွဲ (သပြေကုန်း) မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင်အသင်းသား၊ အသင်းသူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက် အားပေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် ဝန်ကြီးဌာနများမှ အသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ၊ လွန်ဆွဲပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် ဝန်ထမ်းမိသားစုများ၊ ကျောင်းသားကျောင်းသူများ၏ အားကစားနည်းမျိုးစုံအလိုက် ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြိုင်ပွဲတွင် အားကစားနည်းအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် စတုတ္ထဆုရရှိသည့်အသင်းများနှင့် တစ်ဦးချင်း ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အားကစားသမားများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဓါတ်ပုံ)**

ယနေ့ကျင်းပသည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို နိုင်ငံ့ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ကျောင်းသားကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပြီး ထုပ်ဆီးတိုး၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဂုန်နီအိတ်စွပ်၊ လွန်ဆွဲ၊ ခြေပူးပြေး၊ အပ်နဖားထိုး၊ ဆန်ကောရွက်၊ မုန့်စား ၊ ကြယ်သီးတပ်၊ အာလူးကောက်၊ ပူဖောင်းဖောက်၊ မီတာ (၅၀/၇၅/၁၀၀) အပြေးပြိုင်ပွဲများ စသည်ဖြင့် ပြိုင်ပွဲအမျိုးအစား ၁၇ မျိုးကျင်းပ၍ တက်ရောက်လာသူများနှင့် ပြိုင်ပွဲဝင်အသင်းသား၊ အသင်းသူများကို စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်ကိုရီးယားတွင် တရားမဝင်အလုပ်လုပ်နေသော နိုင်ငံခြားသားများအနေဖြင့် ဒဏ်ကြေးလွတ်ခွင့်အပြင် ပြန်ဝင်ခွင့်ကန့်သတ်ချက်များမှလည်း ကင်းလွတ်ခွင့်ရနိုင်မည့် နေရပ်ပြန်နိုင်ရေးအစီအစဉ်ကို ဖေဖော်ဝါရီလကုန်အထိ သက်တမ်းတိုးမြှင့်ထားကြောင်း မြန်မာသံရုံးအသိပေး

**ရန်ကုန် ဇန်နဝါရီ ၄**

ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်အလုပ်လုပ်နေသော နိုင်ငံခြားသားများအနေဖြင့် ဒဏ်ကြေးလွတ်ခွင့်အပြင် ပြန်ဝင်ခွင့်ကန့်သတ်ချက်များမှလည်း ကင်းလွတ်ခွင့်ရနိုင်မည့် နေရပ်ပြန်နိုင်ရေး အစီအစဉ်ကို ဖေဖော်ဝါရီလကုန်အထိ သက်တမ်းတိုးမြှင့်ထားကြောင်း အဆိုပါနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးထားသည်။

အဆိုပါ အစီအစဉ်ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်အထိ သက်တမ်းတိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သံရုံးက ဆိုသည်။ အဆိုပါကာလအတွင်း မိမိဆန္ဒအလျောက် နေရပ်ပြန်မည့်သူများသည် ဒဏ်ကြေးကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ပြန်ဝင်ရောက်နိုင်မည့် ပြည်ဝင်ခွင့် ကန့်သတ်ချက်များမှလည်း ကင်းလွတ်ခွင့် ရရှိနိုင်မည်ဖြစ်သည်။

ကိုရီးယားသမ္မတနိုင်ငံ တရားရေးရာဝန်ကြီးဌာနက တရားမဝင်နေထိုင်သည့် နိုင်ငံခြားသားများ မိမိဆန္ဒအလျောက် နေရပ်ပြန်နိုင်မည့် အစီအစဉ်ကို ကာလသက်တမ်းတိုးမြှင့်ခဲ့မှုအပေါ် မြန်မာသံရုံးက ဇန်နဝါရီ ၃ ရက်တွင် အသိပေးကြေညာထားခြင်းဖြစ်သည်။

အဆိုပါ အစီအစဉ်ဖြင့် မိမိနေရပ်ပြန်လိုသူများအနေဖြင့် နိုင်ငံကူးလက်မှတ်၊ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုကြောင်း စာရွက်စာတမ်း အထောက်အထားနှင့် လေယာဉ်လက်မှတ်တို့တင်ပြ၍ ကိုရီးယားသမ္မတနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနသို့ လျှောက်ထားနိုင်ကြောင်းလည်း သံရုံးကအသိပေးထားသည်။

အသေးစိတ် အချက်အလက်များနှင့် ပတ်သက်၍ ကိုရီးယားသမ္မတနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၏ ဝက်ဘ်ဆိုက်သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

"ပြန်မယ့်သူတွေရှိတယ်။ ဒီမှာ အလုပ်လာလုပ်တာ အကြောင်းအမျိုးမျိုးနဲ့ Over stay လုပ်လိုက်တာပေါ့။ ဒီမှာငွေစုပြီးပြန်မယ့်သူတွေရှိနေပါတယ်။ အဖမ်းအဆီးလည်းရှိတော့ သတိထားရတယ်လေ။ ကြိုဆိုရမှာပါ" ဟု ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသား ကိုထွန်းမြင့်က ဆိုသည်။

**MT**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၅၄ ဦး လွှတ်ပေး

**ရွှေဘို ဇန်နဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၅၄ ဦးအား ယနေ့နံနက်ပိုင်းက လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၅၄ ဦးအား အကျဉ်းထောင်အစည်းအဝေးခန်းမ၌ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦး၊ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ရာဇာဖြိုး၊ ရွှေဘိုအကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်လှိုင်တို့က ဆုံးမစကားများပြောကြားပြီး ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၄၀ ကျပ် | ၂၄၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၅၀ ကျပ် | ၂၆၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၅၅ ကျပ် | ၂၇၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)


ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၉၇၅ | ၈၄၄၁၂၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၁၂၈၆ | ၃၆၆၂၇၀၀ |
| MCB | ၇၅၀၀ | ၇၉၀၀ | ၁၄၆ | ၁၁၀၉၀၀၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၃၀၁၃ | ၄၆၇၁၀၀၀ |
| TMH | ၂၄၀၀ | ၂၅၀၀ | ၁၇ | ၄၁၅၀၀ |
| EFR | ၁၉၅၀ | ၂၀၀၀ | ၆၇၇ | ၁၂၈၈၉၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၄၁ | ၁၉၂၇၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၈၇၉ | ၁၅၃၈၂၀၀ |

ညီညီ - စုစည်းသည်

# မြန်မာ့နိုင်ငံရေးအပေါ် အမြတ်ထုတ်ဖို့ ကြိုးစားတာလား . . .

ကိုပြည်

ဘင်္ဂါလီအရေးအပါအဝင် မြန်မာ့ပြည်တွင်းရေး ပြဿနာတချို့ကို အကြောင်းပြပြီး မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံတွေ၊ အထူးသဖြင့် အာဆီယံနိုင်ငံတွေက အထင်အမြင်လွဲမှားအောင်ပြောဆိုခဲ့တဲ့ အင်ဒိုနီးရှား အောက်လွှတ်တော်ရဲ့ ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌ အာမတ် ဟာဖစ် တိုဟီ (Achmad Hafisz Thohir) ရဲ့ ပြောကြားချက်တွေကို ASIATODAY.ID သတင်းဝက်ဘ်ဆိုက်တစ်ခုမှာ ဖတ်လိုက်ရပါတယ်။

တည့်တည့်ပြောရရင် သူ့ရဲ့တိုက်တွန်းချက်တွေဟာ မြန်မာနိုင်ငံကို နိုင်ငံတကာအစည်းအဝေးတွေကနေ အထီးကျန်ထားဖို့၊ လက်နက်ရောင်းချမှုနဲ့ စီးပွားရေးပိတ်ဆို့မှုတွေလုပ်ဖို့၊ လူမျိုးတုံးသတ်ဖြတ်မှု (Genocide) ကျူးလွန်သူတွေကို ပြည်ဝင်ဗီဇာ ပိတ်ပင်တာတွေလုပ်ဖို့ဆိုတဲ့ အချက်တွေကို တိုက်တွန်းထားတာတွေ့ရပါတယ်။ လက်ရှိ မြန်မာအစိုးရအနေနဲ့ ဘင်္ဂါလီအရေးကို အာရုံစိုက်မှုမရှိဘူးလို့လည်း ဒီဇင်ဘာ ၃၁ ရက်နေ့ ရက်စွဲနဲ့ သူ့ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါသေးတယ်။ ဒါ့အပြင် အခုလိုလျစ်လျူရှုမှုဟာ ဘင်္ဂါလီလူမျိုးတွေရဲ့ ကံကြမ္မာကို ပိုဆိုးလာစေပြီး ဒီလိုဖြစ်ရတာဟာ မြန်မာအစိုးရတာဝန်ရှိသူတွေက ဘာတာဝန်ယူမှုမှမရှိသလို ဘင်္ဂါလီတွေရဲ့ အခြေခံလူ့အခွင့်အရေးတွေကိုလည်း ဆက်ပြီး လျစ်လျူရှုထားတယ်လို့လည်း ဆိုပြန်ပါတယ်။ အဲဒီစကားတွေဟာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဝေဖန်လေ့ရှိသူတချို့ ပြောနေကျစကားတွေဖြစ်လို့ ဆီသည်မ လက်သုတ်လိုသိပ်တော့လည်း မထူးဆန်းဘူးလို့ ဆိုရမှာပါ။

အာမတ် ဟာဖစ် တိုဟီက ဘာကြောင့် ဒီလိုပြောတာလဲဆိုတာ စဉ်းစားကြည့်တော့ ဒီဇင်ဘာလ ပထမပတ်တုန်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းတွေကနေ စက်လှေတွေနဲ့ ပင်လယ်ကိုဖြတ်ပြီး အင်ဒိုနီးရှားနိုင်ငံကိုရောက်လာတဲ့ ဘင်္ဂါလီတွေကို လက်မခံနိုင်တာကြောင့် ဒေသခံ အင်ဒိုနီးရှားနိုင်ငံသားတစ်ရာကျော်က ဆန္ဒပြကြတဲ့အပေါ် နိုင်ငံရေးအမြတ်ထုတ်လိုတာကြောင့် ဖြစ်မယ်လို့ သုံးသပ်ရပါတယ်။

## ဘယ်သူတွေက လူနည်းစုလဲ

အာမတ် ဟာဖစ် တိုဟီ ရဲ့ မူရင်းပြောဆိုချက်မှာ ရိုဟင်ဂျာလို့ ဖော်ပြထားပါတယ်။ ပထမဆုံးသိဖို့လိုတာက မြန်မာနိုင်ငံမှာ ရိုဟင်ဂျာဆိုတဲ့လူမျိုး မရှိဘူးဆိုတာပါပဲ။ ဒီလိုဘာကြောင့် ပြောရသလဲဆိုရင် အင်မတန်မှ စည်းစနစ်ကြီးလှပါတယ်ဆိုတဲ့ နေမဝင်အင်ပါယာ ထူထောင်ခဲ့ကြတဲ့ နယ်ချဲ့ဗြိတိသျှတွေကိုယ်တိုင်ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းမှာတောင် ရိုဟင်ဂျာဆိုတဲ့ လူမျိုးအမည်မပါပါဘူး။ မြန်မာနိုင်ငံမှာ ရိုဟင်ဂျာဆိုတဲ့လူမျိုး မရှိဘူးဆိုတဲ့ မူဝါဒဟာ မြန်မာအစိုးရအဆက်ဆက် ကိုင်စွဲလာခဲ့တာ ဖြစ်ပါတယ်။ အာမတ် ဟာဖစ် တိုဟီ အပါအဝင် မြန်မာနိုင်ငံအကြောင်း ခြေခြေမြစ်မြစ်မသိဘဲ မြန်မာအစိုးရကို ဝေဖန်လေ့ရှိတဲ့သူတွေ မကြာခဏ ပြောလေ့ရှိတဲ့ စကားက ဘင်္ဂါလီတွေကို လူနည်းစုလို့ ဆိုကြပါတယ်။ ဘူးသီးတောင်၊ မောင်တောသွားကြည့်ရင် ဘင်္ဂါလီက လူများစုဖြစ်နေတာ တွေ့ရပါလိမ့်မယ်။ ဒေသခံတွေကတောင် လူနည်းစုလို ဖြစ်နေပါတယ်။ သူပြောသလို လူမျိုးတုံးသတ်ဖြတ်မှုသာရှိရင် အဲဒီလောက် လူဦးရေများလာပါ့မလား ဆိုတာ လောဂျစ်နည်းကျကျ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ သမိုင်းမသိ၊ မြေပြင်မကြည့်ဘဲ ပြောနေတော့ အခြေအနေမှန်တွေနဲ့ ကင်းကွာသွားတာ ဖြစ်ပါတယ်။

## အမြတ်မထုတ်နဲ့

လူမျိုးတုံးသတ်ဖြတ်မှုဆိုတဲ့ ခေါင်းစဉ်နဲ့ မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက ICJ မှာ တရားစွဲခဲ့တာပြီးခဲ့တဲ့ အစိုးရလက်ထက်ကတည်းက ဖြစ်ပါတယ်။ နိုင်ငံကို တရားစွဲတာဖြစ်လို့ ဘယ်အစိုးရတက်တက်ဖြေရှင်းရမှာ ဖြစ်ပါတယ်။ လက်ရှိ မြန်မာအစိုးရကလည်း ဒီအမှုကို ဥပဒေကြောင်းအတိုင်း စနစ်တကျရင်ဆိုင်ဖြေရှင်းနေတာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တစ်ဖက်နိုင်ငံကို ရောက်ရှိသွားတဲ့ ဘင်္ဂါလီလူမျိုးတွေကိုလည်း စိစစ်လက်ခံဖို့ ကြိုဆိုရေးစခန်းတွေနဲ့ စနစ်တကျပြင်ဆင်ထားသလို တစ်ဖက်နိုင်ငံနဲ့လည်း အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့၊ ပြုလုပ်နေဆဲလည်း ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော ဒုက္ခသည်များကို မြန်မာနိုင်ငံ၏ ဥပဒေအရ ပြန်လည်စိစစ်လက်ခံပေးသွားမည်ဖြစ်ပြီး ဥပဒေအရ ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတကာမှတစ်ဆင့် တောင်းဆို၍ လုပ်ဆောင်ခြင်းကို လက်ခံနိုင်ခြင်းမရှိပါ။ မိမိတို့အနေဖြင့် ဘင်္ဂါလီများကို လုံးဝလက်ခံနိုင်ခြင်းမရှိဟု ပြောကြားနေခြင်းမဟုတ်ဘဲ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခဲ့သည့်အထောက်အထားပြသနိုင်မည်ဆိုလျှင် လက်ခံပေးသွားမည်ဖြစ်ကြောင်း"(၁၇-၈-၂၀၂၂)ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးခဲ့စဉ်မှာလည်း ပြောကြားထားပြီး ဖြစ်ပါတယ်။

ဒါပေမယ့် တစ်ဖက်နိုင်ငံရဲ့ ဒုက္ခသည်စခန်းဆိုတဲ့အထဲမှာ အကြမ်းဖက်သမားတွေက စိမ့်ဝင်ပြီး မြန်မာနိုင်ငံဘက်ပြန်လိုကြတဲ့ ဘင်္ဂါလီတွေကို အမျိုးမျိုး ခြိမ်းခြောက်နှောင့်ယှက်နေကြတာကြောင့် စီစဉ်ထားတဲ့အတိုင်း ဖြစ်မလာခဲ့တာဖြစ်ပါတယ်။ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးနဲ့ ပတ်သက်ပြီးတော့ ပြောချင်တာက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စဟာ နှစ်နိုင်ငံအကြား ဖြေရှင်းဆောင်ရွက်သွားရမယ့် ကိစ္စရပ်သာဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်တွေနဲ့အညီ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အိမ်နီးချင်းကောင်းပီသစွာ ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုလို ဖိအားပေးသလိုလို၊ ခြိမ်းခြောက်သလိုလို ပြောတာတွေဟာ တကယ့်လက်တွေ့မှာ အလုပ်ဖြစ်မှာ မဟုတ်ပါဘူး။

ဘင်္ဂါလီတွေဟာ နိုင်ငံသားမဟုတ်လို့၊ တိုင်းရင်းသားမဟုတ်လို့ ခွဲခြားဆက်ဆံမှုရှိသလားမေးရင် မရှိပါဘူးလို့ပဲ လိုတိုရှင်းဖြေရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားဆိုတာ ဖန်တီးယူလို့ရတဲ့ အရာမျိုးလည်း မဟုတ်ပါဘူး။ နိုင်ငံသားဆိုတာကတော့ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီရင်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာလည်း နိုင်ငံသားဖြစ်ဖို့ဆိုတာ လွယ်လွယ်နဲ့ ရတတ်တာမျိုးမဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာလည်း ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေဆိုတာရှိပြီးဖြစ်ပါတယ်။ ဒီဥပဒေမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသားဆိုပြီး ဖော်ပြထားတာရှိပါတယ်။ ဘင်္ဂါလီတွေထဲကလည်း သတ်မှတ်ချက်နဲ့ ကိုက်ညီသူတွေဟာ နိုင်ငံသားပြုခွင့်ရနိုင်တာ ဖြစ်ပါတယ်။ မကြာသေးခင်ကပဲ ရခိုင်ပြည်နယ်မှာ အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ပါတယ်။ ကြိုတင်ပြင်ဆင်မှုကောင်းတဲ့အတွက် အသေအပျောက်နည်းခဲ့ပေမယ့် အပျက်အစီးကတော့များပါတယ်။ ဒီအတွက်လည်း မြန်မာအစိုးရက တိုင်းရင်းသားရယ်၊ ဘင်္ဂါလီရယ် ခွဲခြားမှုမရှိဘဲ တစ်ပြေးညီ ထောက်ပံ့ကူညီခဲ့တာဖြစ်ပါတယ်။ ထိခိုက်ခံရသူအားလုံးရဲ့ ပြန်လည်ထူထောင်ရေးအတွက် တပ်မတော်အရာရှိကြီးများကိုယ်တိုင် အနီးကပ်ကွပ်ကဲပြီး အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။

> **"မြန်မာနိုင်ငံမှာ ရိုဟင်ဂျာဆိုတဲ့လူမျိုး မရှိဘူးဆိုတဲ့မူဝါဒဟာ မြန်မာအစိုးရအဆက်ဆက် ကိုင်စွဲလာခဲ့တာဖြစ်ပါတယ်။ အာမတ် ဟာဖစ် တိုဟီ အပါအဝင် မြန်မာနိုင်ငံအကြောင်း ခြေခြေမြစ်မြစ်မသိဘဲ မြန်မာအစိုးရကို ဝေဖန်လေ့ရှိတဲ့သူတွေ မကြာခဏပြောလေ့ရှိတဲ့ စကားက ဘင်္ဂါလီတွေကို လူနည်းစုလို့ ဆိုကြပါတယ်။ ဘူးသီးတောင်၊ မောင်တောသွားကြည့်ရင် ဘင်္ဂါလီက လူများစုဖြစ်နေတာ တွေ့ရပါလိမ့်မယ်။ ဒေသခံတွေကတောင် လူနည်းစုလို ဖြစ်နေပါတယ်။ သူပြောသလို လူမျိုးတုံးသတ်ဖြတ်မှုသာရှိရင် အဲဒီလောက် လူဦးရေများလာပါ့မလား ဆိုတာ လောဂျစ်နည်းကျကျစဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ သမိုင်းမသိ၊ မြေပြင်မကြည့်ဘဲ ပြောနေတော့ အခြေအနေမှန်တွေနဲ့ ကင်းကွာသွားတာ ဖြစ်ပါတယ်"**

နိုင်ငံတိုင်းမှာတော့ ပြဿနာတွေဟာ အနည်းနဲ့အများသာကွာမယ်၊ ပုံစံအမျိုးမျိုးနဲ့တော့ ရှိနေကြတာပါပဲ။ ဒါဟာ ပြည်တွင်းရေးကိစ္စတွေဖြစ်လို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဝင်ရောက်စွက်ဖက်ဖို့ မသင့်ပါဘူး။ ဒါကြောင့်လည်း ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းမှာရော၊ အာဆီယံရဲ့ပဋိညာဉ်မှာပါ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရဘူးလို့ အတိအလင်းဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါမျိုးတွေ ဖြစ်လာနိုင်တာကြောင့် ပဋိညာဉ်ရေးဆွဲသူတွေက အမြော်အမြင်ရှိရှိ ထည့်သွင်းခဲ့တာ ဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကို ကြည့်မယ်ဆိုရင်လည်း နိုင်ငံတိုင်းဟာ ပဋိပက္ခန္တထဲကနေ ထွက်လာခဲ့ကြတဲ့ နိုင်ငံတွေပါပဲ။ တစ်နိုင်ငံချင်းစီအလိုက် ကျင့်သုံးတဲ့စနစ်တွေကလည်း မတူကြပါဘူး။ ဒါကြောင့် မတူညီတဲ့စနစ်တွေရှိတဲ့နိုင်ငံတွေ၊ မတူညီတဲ့ပဋိပက္ခတွေရှိတဲ့ နိုင်ငံတွေကြားမှာ အာဆီယံဆိုတဲ့ အသိုက်အဝန်းအောက်ကနေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ဆိုရင် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာဖို့လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီလို မဟုတ်ဘဲ အာဆီယံပဋိညာဉ်ကို ချိုးဖောက်ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို အာဆီယံအနေနဲ့ ဘယ်လိုအရေးယူပါဆိုပြီး တိုက်တွန်းတာမျိုးဟာ နောင်မှာ ကိုးကားစရာဖြစ်လာပြီး အာဆီယံအသင်းမှာ သွေးကွဲစရာတွေ ဖြစ်လာပါလိမ့်မယ်။

အင်ဒိုနီးရှား အောက်လွှတ်တော်ရဲ့ ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဒုဥက္ကဋ္ဌဖြစ်တဲ့ အာမတ် ဟာဖစ် တိုဟီ ဟာ ဒါတွေကို နားလည်ပြီးသား၊ အရည်ကျိုသောက်ထားပြီးသားသူ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် အာဆီယံပဋိညာဉ်ကို မျက်ကွယ်ပြုပြီး ပြည်တွင်းနိုင်ငံရေးမှာ အာရုံစိုက်ခံလိုမှု၊ တစ်ကိုယ်ရေထင်ပေါ်လိုမှုနဲ့ မြန်မာကို ခေါင်းစဉ်လာတပ်လိုက်တာလို့ပဲ ကောက်ချက်ဆွဲရမှာ ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ဆိုရင်ပဲ အင်ဒိုနီးရှား အထွေထွေရွေးကောက်ပွဲလည်း ကျင်းပတော့မှာဖြစ်တဲ့အတွက် ဘင်္ဂါလီကိစ္စနဲ့ အချိန်ကိုက်မဲဆွယ်စည်းရုံးပြီး အမြတ်ထုတ်လိုက်ခြင်းသာ ဖြစ်မယ်လို့ ယူဆပါတယ်။ မြန်မာ့နိုင်ငံရေးအပေါ် ဝင်ရောက်စွက်ဖက်ပြီး အမြတ်မထုတ်ဖို့ သတိပေးလိုပါတယ်။

အင်ဒိုနီးရှားနိုင်ငံ Maluku ကျွန်းမှာ ၁၉၉၉ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်လောက်အထိ မွတ်ဆလင်-ခရစ်ယာန်ဘာသာနှစ်ခုကြား ထိပ်တိုက်တွေ့မှုတွေ ဖြစ်ခဲ့ကြဖူးပါတယ်။ အဲဒီပဋိပက္ခကြောင့် ပြည်သူတစ်ထောင်ဝန်းကျင် သေဆုံးခဲ့ပြီးတော့ တစ်သောင်းဝန်းကျင် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ဖူးတယ်ဆိုတာ အာမတ် ဟာဖစ် တိုဟီ တစ်ယောက် မမေ့လောက်သေးဘူးလို့ ထင်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာမှာ မွတ်ဆလင်ဘာသာဝင် အများစုနေထိုင်တဲ့နိုင်ငံဖြစ်ပါတယ်။ ဒီလိုပဋိပက္ခဖြစ်တဲ့အချိန်မှာ မွတ်ဆလင်ဘာသာဝင်အများစုနဲ့ ခရစ်ယာန်ဘာသာဝင် အနည်းစုရှိတဲ့ အသိုက်အဝန်းကြား ပဋိပက္ခ မဖြစ်အောင် မတားဆီးနိုင်ဘူးလား၊ အင်ဒိုနီးရှားတာဝန်ရှိသူတွေ ဒီအပေါ်အာရုံစိုက်မှုမရှိဘူး၊ အင်ဒိုနီးရှားအစိုးရက ဒီကိစ္စကို မျက်ကွယ်ပြုထားလား၊ အင်ဒိုနီးရှားအစိုးရကို အာဆီယံအနေနဲ့ ထိထိရောက်ရောက် အရေးယူဖို့ လိုအပ်နေပြီဆိုပြီးတော့ အာဆီယံနိုင်ငံတစ်နိုင်ငံကဖြစ်စေ၊ ခရစ်ယာန်ဘာသာဝင်အများစုရှိတဲ့နိုင်ငံကဖြစ်စေ တိုက်တွန်းခဲ့ရင် အာမတ် ဟာဖစ် တိုဟီ ဘယ်လိုတုံ့ပြန်မှာလဲ။ အဲဒီအချိန်က အာဆီယံနိုင်ငံထဲကရော၊ အခြားပြင်ပနိုင်ငံတွေကပါ အာမတ် ဟာဖစ် တိုဟီ ရဲ့ မြန်မာအစိုးရအပေါ် ပြောသလိုမျိုးပြောတာ မတွေ့ခဲ့ရပါဘူး။

မြန်မာအစိုးရအဆက်ဆက်ကတော့ ကိုယ်ပါဝင်တဲ့ အဖွဲ့အစည်းတိုင်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်တာကြောင့် တစ်စုံတစ်ရာဝေဖန်တာမျိုး မရှိခဲ့ပါဘူး။ ယခုလည်း မရှိသလို နောင်လည်းရှိလာမှာ မဟုတ်ပါဘူး။ ဒီလိုပြောလို့ မြန်မာအစိုးရအနေနဲ့ အထိမခံ ရွှေပန်းကန်လို မဟုတ်ပါဘူး။ မဝေဖန်ရဘူး မဟုတ်ပါဘူး။ ပြဿနာတစ်ရပ်ကို ပိုပြီးကြီးထွားလာအောင်လှုံ့ဆော်ပေးတာမျိုးထက် အပြုသဘော ဝေဖန်ထောက်ပြတာမျိုး ဖြစ်ဖို့လိုပါတယ်။ ပြဿနာတစ်ရပ် ပြေလည်ရေးကို ဦးတည်တဲ့ အပြုသဘော ဝေဖန်ထောက်ပြတာမျိုးကို ကြိုဆိုပါတယ်။ ဒီလိုမဟုတ်ဘဲ ငယ်တဲ့အမှုကြီးအောင်၊ ကြီးတဲ့အမှုရှင်းမရအောင် လှုံ့ဆော်တဲ့ ဝေဖန်မှုမျိုး၊ အာဆီယံပဋိညာဉ်ကိုကျော်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တဲ့ ဝေဖန်မှုမျိုးကိုတော့ လက်ခံနိုင်မှာ မဟုတ်ပါဘူး။

အာမတ် ဟာဖစ် တိုဟီ အနေနဲ့ ဆန္ဒရှိရင် မြန်မာနိုင်ငံကို လာလည်လို့ရပါတယ်။ တစ်ဖက်နိုင်ငံကို ရောက်ရှိသွားတဲ့ ဘင်္ဂါလီတွေ နေရပ်ပြန်ရေးအတွက် ဘယ်လိုပြင်ဆင်ထားတယ်ဆိုတာသိချင်ရင် မြန်မာအစိုးရ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးလို့ရပါတယ်။ အပြုသဘောအကြံပေးလို့ရပါတယ်။ အဲဒီလို မဟုတ်ဘဲ မျက်မြင်ပုဏ္ဏားခြောက်ယောက် ဆင်စမ်းသလို ကိုယ်သိတာလေးနဲ့ ကိုယ်ထင်ရာ ပြောနေရင်တော့ ဖြစ်ရပ်မှန်နဲ့ ဝေးနေဦးမှာဖြစ်ပါတယ်။ အာမတ် ဟာဖစ် တိုဟီ ကို ပြောချင်တာက သမိုင်းကိုသိ၊ မြေပြင်ကိုကြည့်ပြီးမှ ဝေဖန်ရေးလုပ်ပါဆိုတာပါပဲ။ ဒီလိုမဟုတ်ဘဲ ပြည်တွင်းနိုင်ငံရေးအမြတ်ထုတ်လိုတာ တစ်ခုတည်းနဲ့ အာဆီယံရဲ့ ပဋိညာဉ်ကို ချိုးဖောက်တာမျိုးမဖြစ်ရလေအောင် သတိပြုသင့်ပါတယ်။ ဆိုလိုရင်းပြောရရင် မြန်မာ့နိုင်ငံရေးကနေ အမြတ်ထုတ်ဖို့ ကြိုးစားနေတာလားလို့ ရွေးကောက်ပွဲအကြို စစ်တမ်းထုတ်ပြီး မေးလိုက်ချင်ပါတယ်။ ။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ပါမောက္ခဒေါက်တာမောင်မောင်ဝင့် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန ဆေးပညာထူးချွန်တံဆိပ်(ပထမဆင့်)

၄-၅-၁၉၆၇ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ကုသရေးလုပ်ငန်းများ၊ ဘွဲ့ကြို/ဘွဲ့လွန် ဆေးပညာသင်ကြားရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည့်အပြင် ဆေးလောက၏ တိုးတက်မြင့်မားစေရေးကို ပဲ့ကိုင်လမ်းပြဦးဆောင်ပေးမှုအတွက် မြန်မာ့ဆေးလောက၏ မီးရှူးတန်ဆောင်အဖြစ် တင်စားဂုဏ်ပြု စံထားခံရပြီး (၂၉-၁၂-၂၀၂၃) ရက်တွင် ကွယ်လွန်သွားခဲ့သော **ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆရာကြီး ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်** အား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်၊ လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၄ ဖြင့် **ဝဏ္ဏကျော်ထင်ဘွဲ့** အား ချီးမြှင့်အပ်နှင်းခြင်း ခံရပါသဖြင့် တပည့်များမှ များစွာဂုဏ်ယူဝမ်းမြောက်ရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးပညာလောကမှ တပည့်သား၊ သမီးများ

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**


ရွှေမိုးကောင်းကွန်ဒို
မှ
အထူးပရိုမိုးရှင်း
(25%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။
FACILITIES အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး
ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ
ရွှေမိုးကောင်းကွန်ဒိုသို့ အရောက်လှမ်းလာခဲ့ရန်
ဖိတ်ခေါ်ပါသည်။
ဆက်သွယ်ရန်ဖုန်း ၀၉ - ၃၆၁၂၈၈၁၄၊ ၀၉ - ၂၅၄၀၃၄၈၇၁



## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းနှင့် ကျောင်းဆောင်သစ်ဖွင့်

**သာစည် ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) နှင့် ပြည်သူပူးပေါင်း ဆောင်ရွက်သော ကြာဘက်ကုန်း ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဗိုလ်မှူးတေဇာမြင့်နှင့် ဦးစိုးဝင်းအောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် ကြာဘက်ကုန်း ကျေးရွာ VDP စီမံကိန်းကော်မတီ ဥက္ကဋ္ဌ ဦးမြင့်လှိုင်တို့က ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓာတ်ပုံ) အဆိုပါ ကွန်ကရစ်လမ်းမှာ လမ်းအရှည် ၆၄၃ ပေ၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မ ရှိကြောင်း သိရသည်။

အလားတူ သာစည်မြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းရှိ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ steel structure တစ်ထပ် မဏ္ဍူကျောင်းဆောင်သစ်အား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ကျောင်း အကျိုးတော်ဆောင်များ တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်ဆည်မြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ တောင်နောက်-သင်တောင်းကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက မိုးရာသီတွင် သွားလာရေးခက်ခဲမှုကြောင့် ရာသီမရွေး သွားလာနိုင်ရန်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အရှည်ပေ ၁၁၅၀ ရှိ ကွန်ကရစ်လမ်းသစ် ဖောက်လုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦးနှင့် ဦးအောင်သူ၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ရွှေဦးနှင့် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝါတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကွန်ကရစ်လမ်းသစ်အား ဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကွမ်းရွက်ဈေးကွက် အထွက်များလာ၍ ဈေးငြိမ်

**ရန်ကုန် ဇန်နဝါရီ ၄**

လက်ရှိတွင် ကွမ်းဈေးကွက်မှာ အေးနေကာ ဈေးငြိမ်နေပြီး ဈေးနှုန်းကွာဟမှုမှာလည်း နည်းပါးနေကြောင်း ကွမ်းရောင်းဝယ်သည့် အသိုင်းအဝိုင်းထံ မေးမြန်းစုံစမ်းထားသည့် အချက်အလက်များအရ သိရသည်။

"လောလောဆယ် ကွမ်းက ဈေးကွက် နည်းနည်းအေးနေတယ်။ မနေ့ကထက်စာရင် ဒီနေ့ကတော့ ငါးကျပ်ကွာသွားတယ်။ တက်သွားတာပေါ့။ တစ်ပိဿာကို ၁၁၀၀၀၊ ၁၂၀၀၀ ပတ်ချာလည်နဲ့ပဲ ဒီဆောင်းတွင်းက သွားမယ်နဲ့တူတယ်"ဟု တိုးတက် ကွမ်းလက်လီ လက်ကားဖြန့်ချိရေး ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်းမှ ထွက်သည့် ကွမ်းများကိုသာ မှီသုံးသည့်သဘော ဖြစ်နေသဖြင့် ဈေးကွက်အေးနေကြောင်း ပွဲရုံများမှ သိရသည်။

"ဒီ မြန်မာနိုင်ငံအလယ်ပိုင်း တစ်ခုတည်းကို ကွမ်းက မှီသုံးသလိုဖြစ်ပြီးတော့ ထွက်တဲ့ဒေသကလည်း နည်းနည်းများလာတော့ ကွမ်းဈေးကွက်က နည်းနည်းအေးလာတဲ့သဘောပါပဲ" ဟု ကွမ်းပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားသည်။

"မနှစ်က ပြာသိုလမှာ ဈေးက ၁၅၀၀၀ လောက်အထိ တက်သွားတယ်။ ဒီနှစ်တော့ အဲဒီလောက်ကြီးမတက်တော့ဘူးလို့ကျွန်တော်မှန်းထားတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မတ္တရာကွမ်းက ဈေးအမြောက်ဆုံးပဲ။ အခုကွမ်းဈေးက ၁၄၀၀၀ ပတ်ချာလည်ပဲ ရှိတယ်"ဟု ကွမ်းပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

**သစ်တော်**

## ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်းနေ **သီဟသုဓမ္မသိင်္ဂီ ဒေါ်အေးမြင့်** ၏ချစ်လှစွာသော ခင်ပွန်းဖြစ်သူ **ဒေါက်တာမောင်မောင်ဦး " Director, Asia Express Group of Co.,Ltd "** သည် **" အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ"** ဘွဲ့တံဆိပ်ကို နိုင်ငံတော်မှ ချီးမြှင့်ခံရသည့်အတွက် အထူးပင်မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**ရွှေခနအောင်ကုမ္ပဏီမိသားစု**

## ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဗိုလ်ချုပ်လမ်းနေ **ဦးကျော်ယု + သီဟသုဓမ္မသိင်္ဂီဒေါ်မြင့်မြင့် " ရွှေစင်မြင့် " စိန်ရွှေရတနာရောင်းဝယ်ရေး** တို့၏ သမီးငယ်၊ **ဦးစည်သူထွန်း (Founder of Guardian Academy Private School)**၏ ချစ်လှစွာသော ဇနီးဖြစ်သူ **"ရွှေစင်မြင့်" စိန်ရွှေရတနာဆိုင် ၏ CEO** ဖြစ်သူ **ဒေါ်ကလျာထင်လင်းကျော်** သည် **" သုဓမ္မသိင်္ဂီ "** ဘွဲ့တံဆိပ်ကို နိုင်ငံတော်မှ ချီးမြှင့်ခံရသည့်အတွက် အထူးပင်မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**ရွှေခနအောင်ကုမ္ပဏီမိသားစု**

## ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းနေ **ဒေါ်စန္ဒာအေး " April Boutique & Nan Sandar Design House Fashion Designer "** သည် **" သုဓမ္မသိင်္ဂီ "** ဘွဲ့တံဆိပ်ကို နိုင်ငံတော်မှ ချီးမြှင့်သည့်အတွက် အထူးပင်မိသားစုနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**ရွှေခနအောင်ကုမ္ပဏီမိသားစု**

## ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ Crystal Residence နေ **ဦးအောင်စေသော် "T.Y.S.T Co.,Ltd"** ၏ ချစ်လှစွာသော ဇနီးဖြစ်သူ **ဒေါ်ဇာခြည်ဝင့် " Managing Director, T.Y.S.T Co.,Ltd "** သည် **" သုဓမ္မသိင်္ဂီ "** ဘွဲ့တံဆိပ်ကို နိုင်ငံတော်မှ ချီးမြှင့်ခံရသည့်အတွက် အထူးပင်မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**ရွှေခနအောင်ကုမ္ပဏီမိသားစု**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၃၀/က) ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ၊ (၆)ထပ်တိုက်၏ တတိယထပ်၊ (၄)လွှာ၊ (အလယ်ခန်း)၊ အကျယ်အဝန်း (၁၄ x ၅၁.၃)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး၊ အပါအဝင်အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မာလာနွယ် ၉/ပမန(နိုင်)၀၁၃၃၇၈ အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်ယနေ့မှစ၍ခုနစ်ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်း တကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B(စဉ်-၁၀၀၆၃)** | **LL.B,DBL(စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၆-ခ/၁)၊ ဦးပိုင်အမှတ် (၅၈)၊ မြေဧရိယာ ၀ ဒသမ ၃၀၃ ဧကရှိ မြေကွက်သည် မူလက ဒေါ်ဂန်ဂါးမာယာ အမည်ဖြင့် ခရိုင်အမှုတွဲ အမှတ် ၅၇၅(၃) ၂၀၀၀-၂၀၀၁ အရ ၂၃-၄-၂၀၁၅ ရက်ထိ (၁၅)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်ဂန်ဂါးမာယာက ၅-၁၀-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ် စာတမ်း မှတ်ပုံတင်အမှတ် (၄၆၂/၄၆၃/၂၀၂၃) အရ မူလခြံမြေဧရိယာ ၀ ဒသမ ၃၀၃ ဧကအနက်မှ မြေဧရိယာ ၀ ဒသမ ၁၄၈ ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးနော်လီ ၁၃/သနန(နိုင်)၀၂၈၄၅၅၊ ဒေါ်နန်အောင် ၁၃/မဆတ(နိုင်)၀၃၉၉၆၃ (၂)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးနော်လီ ပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/17923, Luojia-110 ယာဉ်လက်ဝယ်ရှိသူ Eternal Green Co.Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/52455, Dream 99-110 ယာဉ်လက်ဝယ်ရှိသူ That Hnin Su Co.,Ltd.က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မိတ္ထီလာမြို့)**

**သင့် စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစို့**

